

# လူထုလှုပ်ရှားမှု ကြီးကြပ်ရေး ကော်မတီ

## ပြည်ထောင်စု လွတ်မြောက်ရေးအတွက် အိတ်ဖွင့်ပေးစာ

စာအမှတ် - ၁ / ၂၀၀၈

ရက်စွဲ - ဇန်နဝါရီလ / ၄ ရက် / ၂၀၀၈ ( လွတ်လပ်ရေးနေ့ )

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် န.အ.ဖ ခေါင်းဆောင်များခင်ဗျား။

ဦးစွာပြောကြားလိုသည်မှာ ကျွန်ုပ်တို့အနေဖြင့် တမျိုးသားလုံး၏ လက်ငင်းနှင့် ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ပြည်ထောင်စုကို ချစ်မြတ်နိုးသောစိတ် ၊ လူသားတဦးချင်းစီ၏ လွတ်လပ်ခွင့် နှင့် ဂုဏ်သိက္ခာကို လေးစား တန်ဖိုးထားသော ရပ်တည်ချက်များဖြင့် ဤစာကို ပေးပို့ရခြင်း ဖြစ်ပါသည် ။

ကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ( ၆၀ ) ရှိပြီဖြစ်သော်လည်း နိုင်ငံသူ ၊ နိုင်ငံသားများအနေဖြင့် လွတ်လပ်ရေး၏ အရသာကို တင်းပြည့် ၊ ကျပ်ပြည့် မခံစားရဘဲ ၊ ပြည်တွင်းစစ်ဒဏ် နှင့် လွတ်လပ်ခြင်း ၊ ညီမျှခြင်း ၊ တရားမျှတခြင်း စသည့် လောကပါလတရားများ ချို့တဲ့သည့် ဝေဒနာကို အလူးအလဲ ခံစားနေကြရဆဲ ဖြစ်ပြီး ဆင်းရဲဒုက္ခအပေါင်းမှ ယနေ့တိုင် မလွတ်မြောက်နိုင်သေးပေ ။ ထို့အပြင် မြန်မာနိုင်ငံ၏ ပြဿနာမှာ နိုင်ငံတကာ နှင့် ဒေသတွင်းနိုင်ငံများ အကြားတွင် ခေါင်းခဲစရာ ပုစ္ဆာတပုဒ် ဖြစ်နေခြင်းမှာလည်း တိုင်းပြည်အတွက် အလွန်ရှက်စရာကောင်းလှပါသည် ။

ယနေ့ ပြည်ထောင်စုတမျိုးသားလုံး ရင်ဆိုင်ကြုံတွေ့နေကြရသည့် နိုင်ငံရေး ၊ လူမှုရေး နှင့် စီးပွားရေး စသည့် ဘက်ပေါင်းစုံ အထွေထွေ အကျပ်အတည်းများမှ လွတ်မြောက်ပြီး ငြိမ်းချမ်းသာယာသော လူ့ဘောင်တရပ် တည်ဆောက်နိုင်ရေးအတွက် အမျိုးသား ညီညွတ်ရေးမှာ အထူးပင် အရေးကြီးလှပါသည်။ ထိုသို့ တမျိုးသားလုံး ရင်ကြားစေ့နိုင်ရေးအတွက် န.အ.ဖ ခေါင်းဆောင်များ နှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ခေါင်းဆောင်များအားလုံး လွတ်လပ် ပွင့်လင်းစွာ ၊ ချစ်ကြည် ရင်းနှီးစွာဖြင့် တန်းတူရည်တူ ဝိုင်းဝန်းဆွေးနွေး၍ အဖြေရှာကြသော နည်းလမ်းမှတပါး ၊ အခြားနည်းလမ်း မမြင်ပါ ။

စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲများအား တရက်စော၍ ကျင်းပနိုင်လျှင် တိုင်းပြည်အတွက် တရက်ပို၍ အကျိုးဖြစ်ထွန်းနိုင်သကဲ့သို့ တရက်နောက်ကျလျှင် ၊ တရက်နောက်ကျသလောက် နစ်နာဆုံးရှုံးမှုများ ရှိစေနိုင်ပါသည် ။ သို့ပါ၍ အဓိပ္ပာယ်ပြည့်ဝပြီး အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးပွဲများ ၊ အမြန်ဆုံး အကောင်အထည် ပေါ်လာစေရေး အတွက် ကျွန်ုပ်တို့အနေဖြင့် အပြုသဘောဆောင်သော စိတ်ထားများ ၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြင့် လက်တွဲကြိုးပမ်း သွားရန် အထူးလိုလားလျှက်ရှိပါသည် ။

ပြီးခဲ့သည့် အတိတ်ဒဏ်ရာများအား သမိုင်းသင်ခန်းစာများအဖြစ် ပြည်ဖုံးကားချခဲ့ပြီး သင်တို့ ၊ ကျွန်ုပ်တို့အားလုံး၏ ယနေ့ နှင့် မနက်ဖြန်များစွာ အတွက်ကိုသာ အမျက်အညိုးမထားဘဲ ချစ်သောမျက်စိဖြင့် ကြည့်ကြ မြင်ကြနိုင်ရေးသည် အသက်တမျှ အရေးကြီးနေပါပြီ ။ ထိုသို့မဟုတ်ဘဲ တင်းမာရေးလမ်းကြောင်းပေါ်တွင် တဖက်နှင့် တဖက် ကျောခိုင်းပြီး မျဉ်းပြိုင်ရွှေ့လျှား နေကြဦးမည်ဆိုပါက တိုင်းပြည်၏ လူမှုစီးပွား ဒုက္ခအဝဝ မှ ကုစားဖို့ရန် ဆေးမှီနိုင်တော့ မည်မဟုတ်ပါ ။ နောက်ဆက်တွဲအနေဖြင့် လူထု၏ ဒုက္ခပင်လယ်ဝေမှုနှင့် မွန်းကျပ်ပိတ်လှောင်နေမှု များက အုံကြွမှုများ နှင့် သွေးထွက်သံယိုဖြစ်မှုများဆီသို့ မရှောင်နိုင် ၊ မတိမ်းနိုင်တော့ဘဲ ဝင်ရောက် တိုးတိုက် မိလိမ့်ဦးမည် ဆိုသည်မှာ သံသယဖြစ်စရာ မရှိပါ ။

သို့ဖြစ်သောကြောင့် န.အ.ဖ ခေါင်းဆောင်များ အနေဖြင့် ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ပြည်ထောင်စုသားအားလုံး စိတ်နှလုံး ရွှင်ပြုံးနိုင်ရေးအတွက် ထင်သာမြင်သာသော တိုးတက်ပြောင်းလဲမှုတရပ်အဖြစ် ဖမ်းဆီးထိန်းသိမ်းခံနေကြရသော ရဟန်း




သံဃာတော်များ ၊ တိုင်းရင်းသားခေါင်းဆောင်များ ၊ ကျောင်းသားလူငယ်များ အပါအဝင် ဒေါ်အောင်ဆန်းစုကြည် နှင့် နိုင်ငံရေး အကျဉ်းသား အားလုံးအား ချွင်းချက်မထားဘဲ ယနေ့ ဇန်နဝါရီလ (၄) ရက် (လွတ်လပ်ရေးနေ့) မှ စတင်၍ ဖေဖေါ်ဝါရီလ(၁၂) ရက် ( ပြည်ထောင်စုနေ့ ) နောက်ဆုံးထားပြီး ပြန်လည် လွှတ်ပေးပါရန် နှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများအား အချိန်မဆိုင်းဘဲ အမြန်ဆုံး စတင်ပါရန် လေးနက် တည်ကြည်စွာ ပန်ကြားအပ်ပါသည် ။ ။

**လူထု လူ့ပ်ရှားမှု ကြီးကြပ်ရေး ကော်မတီ**

၁. မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး
၂. တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့
၃. ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်
၄. ၈၈ မျိုးဆက်ကျောင်းသားများ
၅. ငြိမ်းချမ်းရေးလိုလားသော မွတ်စလင်များ အစည်းအရုံး
၆. မျိုးဆက်သစ် လူငယ်များ အစည်းအရုံး ( Generation Wave )
၇. ရှေ့နေများ သမဂ္ဂ
၈. ကဗျာဆရာများ သမဂ္ဂ
၉. မျိုးဆက်သစ် သတင်းစာဆရာများ သမဂ္ဂ
၁၀. လူထုလှုပ်ရှားမှု ဖော်ဆောင်ရေး ကော်မတီ ( မန္တလေး )
၁၁. ရန်ကုန်တိုင်း လူထုလှုပ်ရှားမှု ကော်မတီ
၁၂. စာပေ နှင့် အနုပညာရှင်များ အဖွဲ့